# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

September 23, 2020 | Volume 35, Number 17


**၂၃.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၈၈၆ US$ |
| မြန်မာ့ရွှေစျေး | = ၁၃၀၇၀၀၀ ကျပ် |
| ဒေါ်လာစျေး | = ၁၃၂၇/- ကျပ် |
| CBM Rate | = ၁၃၁၂.၁ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၆.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၆၁.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၆၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၅.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၈၅၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၅.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၆၉၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရာသီဥတုကြောင့် အထွက်နှုန်းကျမည့်အပြင် ကိုဗစ်–၁၉ ကြောင့် စျေးကျနေသဖြင့် ငဖဲမြို့နယ်ရှိ ဝဥစိုက်ပျိုးသူများ အခက်ကြုံ




မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် အတွင်းရှိ အရှိုချင်း တိုင်းရင်းသားများက ဝဥများကိုစိုက်ပျိုးကြရာ ယခုနှစ် မိုးလယ်ပိုင်းတွင် အဆိုပါဒေသတွင် မိုးများ ခဲ့ခြင်းကြောင့် အပင်များထိခိုက်ပြီး အထွက်နှုန်းနည်းနိုင်သည့်အပြင် ကိုဗစ်ဂယက်ကြောင့် လမ်းပန်း ဆက်သွယ်ရေး များလည်း ပိတ်ထားသဖြင့် ဝဥစျေးကွက် ထက်ဝက်ခန့် ကျဆင်းနေကြောင်းဒေသခံများထံမှသိရသည်။ ငဖဲမြို့နယ်အတွင်းရှိ ဆုံတော၊ လင်းတဲ့၊ ထောက်ကျန့်၊ ဂုတ်ကြီး၊ ဘုန်းပေါ၊ ပကျီကျေးရွာ များနှင့် နတ်ရေကန်တောင်ပေါ်ဒေသ ကျေးရွာအုပ်စုများတွင် ဝဥစိုက်ပျိုးကြရာ ဇူလိုင်၊ ဩဂုတ်နှင့်စက်တင်ဘာလ ဒုတိယပတ်အတွင်းတို့က မိုးများခဲ့သဖြင့် အပင်များ ခါးကျိုးပြီး အထွက်နည်းနိုင်ကြောင်း တောင်သူ ဦးဆလိုင်းကြန်ပန်းက ပြောသည်။

"အခုနှစ် မိုးလေဝသအခြေအနေက မိုးများပြီး အပင်တွေမကောင်းဘူး။ အပင်တွေက ခါးနာသွားတယ်။ အပင်ဖြစ်ထွန်းမှု နည်းတယ်။ ကျွန်တော် ဒီဘက်တင်ဖြစ်တာလားလို့ ဆိုပြီးချင်းပြည်နယ် ကန်ပက်လက်က ကျွန်တော့်မိတ်ဆွေကို လှမ်းမေးတော့လည်း သူတို့ဘက်မှာလည်း မိုးများလို့ အပင်တွေခါးနာပြီးမဖြစ်ထွန်းဘူးပြောတယ်"ဟု ဦးဆလိုင်းကြန်ပန်းက ပြောသည်။

ယခင်နှစ်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် မန္တလေးမြို့အထိ တက်ရောင်းချရာ ဝဥအနီအစို တစ်ပိဿာလျှင် ကျပ်၂၂၀၀ နှင့် အခြောက် တစ်ပိဿာကို ကျပ် ၁၃၀၀၀ ဖြင့်ရောင်းချရသည်။ ယခုနှစ်တွင် ကိုဗစ်ဂယက်ကြောင့် လမ်းပန်း ဆက်သွယ်ရေးများ ပိတ်ထားခြင်း၊ တရုတ်ဝယ်လက်များ မရှိခြင်းတို့ကြောင့် ယခု လက်ရှိအနေအထားတွင် ဝဥအစိုတစ်ပိဿာလျှင် ကျပ် ၁၂၀၀ သာရှိကြောင်း ဦးဆလိုင်းကြန်ပန်းက ပြောသည်။

၂၀၁၈ –၂၀၁၉ ဘဏ္ဍာနှစ် ဇွန်လကစတင်၍ အဆိုပါဒေသများကတောင်သူများ အပင်ရေ ၁၅၀၀ မှ ၂၀၀၀ ခန့်အထိ စိုက်ပျိုးခဲ့ ကြပြီး ယခုနှစ်တွင် အပင်ရေ ၅၀၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးခဲ့ကြသည်။ ဒီဇင်ဘာလအတွင်း ဖော်ယူရောင်းချရပြီး ဒေသ ရာသီဥတုလိုက်၍ တစ်ပင်လျှင် တစ်ပိဿာမှနှစ်ပိဿာခန့်အထိ ထွက်ရှိကြောင်း သိရသည်။ "ကိုဗစ်ကြောင့် အခုလက်ရှိ ဝဥစျေးနှုန်းက တရုတ်ပြည်က မဖွင့်တော့ အဝယ်ကမရှိဘူး။ စျေးနှုန်းကလည်းသိပ်မရှိဘူး။ အခုလက်ရှိစျေးနှုန်းက အသေးစိတ်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

တော့ ဈေးနှုန်းအတိအကျကို မသိနိုင်သေးဘူး”ဟု ဝဥစိုက်ပျိုးသူ ဆလိုင်းစိုးမိုးအောင်ကပြောသည်။ အဆိုပါဒေသများက ထွက်ရှိသော ဝဥများကို ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးများအထိ တင်ပို့ ရောင်းချကြပြီး အချို့က တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ဝယ်လက်များနှင့်ချိတ်ဆက်၍ ရောင်းချကြကြောင်း သိရသည်။

**Source: မြန်မာတောင်သူများ ဂျာနယ်**

http://htwettoe.com/article-details/news/10174005

## မူဆယ်-ရွှေလီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်

တရုတ်နိုင်ငံအစိုးရက ရွှေလီမြို့ကို Lockdown ဖြေလျှော့ပြီး နယ်စပ်အကောက်အခွန်ဂိတ်ပြန်လည်ဖွင့်လှစ်ပေးသဖြင့် ယနေ့(စက်တင်ဘာ ၂၂ ရက်)တွင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ပြီဟု မူဆယ်နယ်စပ်မှ ကုန်သည်အချို့ကပြောသည်။ စက်တင်ဘာ ၂၁ ရက်ညတွင် ရွှေလီ မြို့ကို Lockdown ဖြေလျှော့ပေးပြီးနောက် စက်တင်ဘာ ၂၂ ရက် နံနက်တွင် အကောက်အခွန်ဂိတ်ကို တရုတ်နိုင်ငံအစိုးရက ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။ “အရင်လိုပြန်လုပ်နိုင် ပါပြီ။ မနက်ဖြန်(စက်တင်ဘာ ၂၃ ရက်)လောက်ဆိုရင် ကုန်သွယ်ရေးပုံမှန်ပြန်ဖြစ်ပြီ” ဟု မူဆယ်အဝေးပြေးကုန်စည် ပို့ဆောင်ရေး လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။

လက်ရှိတွင် တရုတ်နိုင်ငံမှကုန်တင်ယာဉ်ငယ်များ မြန်မာနိုင်ငံသို့ စတင်ဝင်နေသကဲ့သို့ ကျယ်ဂေါင်သို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံမှ ကုန်တင်ကားများလည်းထွက်ခွာနေကြောင်း ၎င်းကပြောသည်။ မူဆယ်-ရွှေလီနယ်စပ်ကုန်သွယ်ရေးသည် မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ၁၈ခုအနက် ကုန်သွယ်မှုအများဆုံးဖြစ်သည်။

တစ်ရက်လျှင် ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၁၄သန်းကျော်ရှိနေပြီး မြန်မာနိုင်ငံမှ ဆန်၊ပဲ၊ရေထွက်ကုန်များ နေ့စဉ် တင်ပို့ပြီး တရုတ်နိုင်ငံမှ လူသုံးကုန်ပစ္စည်းများ ၊အထည်ချုပ်ကုန်ကြမ်း ပစ္စည်းများနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ အပါအဝင် ကုန်ပစ္စည်းများစွာ တင်သွင်းနေသည်။ ရွှေလီမြို့တွင် COVID-19 ကူးစက်ခံရသူနှစ်ဦးတွေ့ရှိပြီးနောက် စက်တင်ဘာ ၁၄ ရက်ညတွင် Lockdown ချပြီး စက်တင်ဘာ၁၅ရက် နံနက်တွင် နယ်စပ်အကောက်ခွန်ဂိတ်ကို ပိတ်ခဲ့ခြင်း ဖြစ်သည်။

**Source:** https://7day.news/detail?id=199917

## ကမ္ဘာ့ဘဏ်ကထုတ်ပြန်သည့် Doing Business (စီးပွားရေးလုပ်ငန်းများ အလွယ်တကူလည်ပတ်စတင်နိုင်မှု) အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၉၀ အနက် ၂၀၂၀ ခုနှစ်တွင် အဆင့် ၁၆၅ အထိတိုးမြင့်လာ

နိုင်ငံတစ်ခုတွင် စီးပွားရေးလုပ်ငန်းတစ်ခု တည်ထောင်စတင် ရင်းနှီးမြုပ်နှံလုပ်ကိုင်ရန် မည်မျှလျင်မြန်လွယ်ကူနိုင်မည့် အခြေအနေကို စစ်တမ်းကောက်ထားသည့်အစီရင်ခံစာဖြစ်သည်။ လုပ်ငန်းတစ်ခုစတင်ရန် လိုအပ်သည် လိုင်စင် ၊ မှတ်ပုံတင် လုပ်ငန်းများကို ဆောင်ရွက်ခြင်းအတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် မည်မျှလျင်မြန် လွယ်ကူမည်ကို ဖော်ပြထားခြင်းဖြစ်သည်။ ယင်းအစီရင်ခံစာတွင် နှစ်အလိုက်သတ်မှတ်ချက်များအရ ၂၀၁၄ ခုနှစ်တွင် အဆင့် ၁၈၂ ရှိရာမှ ၂၀၂၀ တွင် အဆင့် ၁၆၅ အထိတိုးမြင့်လာသည် ။

အသေးစိတ် အချက်အလက်များအရ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ပါမစ်လျှောက်ထားရရှိနိုင်ရန် သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်မှုသည် ၂၀၁၄ ခုနှစ်တွင် အဆင့် ၁၅၀ အထိ နှေးကွေးခဲ့ပြီး ၂၀၂၀ တွင် အဆင့် ၄၆ အထိ လျင်မြန်လွယ်ကူခဲ့ကြောင်း ယင်း အစီရင်ခံစာက ဖော်ပြထားသည်။ အခွန်ငွေပေးဆောင်ခြင်းများ ( Paying Taxes)အတွက် ၂၀၁၄ခုနှစ်တွင် အဆင့် ၁၀၇ အထိပေးဆောင်ရန် လွယ်ကူလျင်မြန်ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် အခွန်ငွေပေး ဆောင်ခြင်းလုပ်ငန်းအဆင့်ဆင့်ကိုဆောင်ရွက်ရန် အဆင့် ၁၂၉ အထိ နှေးကွေးခဲ့သည်ဟု ယင်းအစီရင်ခံစာကဖော်ပြသည်။

**Source:** https://www.facebook.com/News.TheLadies/

## ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ လုပ်သားနှစ်သိန်းခန့်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့

ယခုဘဏ္ဍာနှစ် ၁၁ လတာ ကာလအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများ အတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်းနှစ်သိန်းခန့် ဖန်တီးပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) ခွင့်ပြုမိန့်အရ ယခုဘဏ္ဍာနှစ် ၁၁ လအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်များ ဖန်တီးပေးလျှက်ရှိသည်။ ထိုသို့ ဖန်တီးပေးရာတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ယခင်ခွင့်ပြုပြီး လုပ်ငန်းများမှ လုပ်သားအင်အားတိုးမြှင့်မှုအပါအဝင် ပြည်တွင်းလုပ်သား ၁၇၆၀၀၀ ကျော်အား အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ပြီး ပြည်တွင်း
ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ယခင်ခွင့်ပြုပြီးလုပ်ငန်းများမှ လုပ်သားအင်အားတိုးမြှင့်မှုအပါအဝင် ပြည်တွင်းလုပ်သား ၂၁၀၀၀ ကျော်အား အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏စာရင်းများအရ သိရသည်။

အဆိုပါ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ယခုဘဏ္ဍာနှစ် ၁၁ လအတွင်း ပြည်ပလုပ်သားများကိုလည်း အလုပ်အကိုင် ဖန်တီးပေးလျှက်ရှိရာ ယခင်ခွင့်ပြုပြီး လုပ်ငန်းများမှ လုပ်သားအင်အား တိုးမြှင့်မှု အပါအဝင် ပြည်ပလုပ်သား ၅၀၀၀ ခန့်အတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ရင်းနှီးမြှုုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ ယခု ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဩဂုတ်လ ၂၈ ရက်အထိ ၁၁ လတာ ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုုပ်နှံမှု ခွင့်ပြု/ အတည်ပြု ပေးခဲ့သည့် လုပ်ငန်း ၂၂၈ ခုမှ ရင်းနှီးမြှုုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၅၀၁၈ ဒသမ ၈၁၄ ဘီလီယံ ရရှိထားပြီး အထူးစီးပွားရေး ဇုန် ဥပဒေအရ ခွင့်ပြု/အတည်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုုပ်နှံမှုလုပ်ငန်း ၆ ခုမှ ရင်းနှီးမြှုုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁၄၂ ဒသမ ၂၉၇ သန်း ရရှိထားသောကြောင့် စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၁၆၁ ဒသမ ၁၁၁ သန်း ရရှိထားကြောင်းသိရသည်။ အလားတူ ယခုဘဏ္ဍာနှစ် ၁၁ လအတွင်းမြန်မာနိုင်ငံသား ရင်းနှီးမြှုုပ်နှံမှု ခွင့်ပြု/ အတည်ပြု ပေးခဲ့သည့် လုပ်ငန်း ၁၁၈ ခုမှ ရင်းနှီးမြှုုပ်နှံမှု ပမာဏ ကျပ်သန်း ၁၇၁၀၁၁၉ ဒသမ ၈၅၁ သန်း ရရှိထားကြောင်း သိရသည်။

**Source:** http://www.fifthwavenews.com/fwn/53551

## ကျောက်ပန်းတောင်းမြို့နယ်တွင် ကြက်သွန်တစ်ပိဿာ ၃၀၀ ကျပ်မှ ၁၀၀၀ ကျပ်ထိ ဈေးတက်လာ



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်ထွက် ဆောင်းကြက်သွန်များ ၃၀၀ ကျပ်ဈေးမှ၁၀၀၀ ကျပ်ဈေးသို့ မြင့်တက်လာသည်လို့ ကျောက်ပန်းတောင်းမြို့နယ် လဲ့ဂွကျေးရွာ ဆောင်းကြက်သွန်စိုက်တောင်သူ ဦးပိုက် ပြောကြားချက်အရ သိရသည်။ ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများ၊ ရေဆုံးကျေးရွာ အုပ်စုကျေးရွာများ၊ ပုပ္ပားမြောက်ဘက် စိတ္တိန်းကျေးရွာအုပ်စုများသည် ဆောင်းကြက်သွန်အမြောက်အများ စိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကြကာ ဆောင်းကြက်သွန်ပေါ်ချိန် တပေါင်းလ၊ တန်ခူးလမှစတင်ကာ ကြက်သွန်ဈေးနှုန်း တစ်ပိဿာ ၃၀၀ ကျပ်ဈေးပတ်ဝန်းကျင်သာရှိနေခဲ့ရာမှ တော်သလင်းလဆန်း ၄ ရက်နေ့မှစတင်ကာ ဆောင်းကြက်သွန်ဈေးနှုန်း တစ်ပိဿာကို ၁၀၀၀ ကျပ်ထိ ဖြစ်လာခဲ့သည်။

ဆောင်းကြက်သွန်အား လှောင်ကြက်သွန်နီ (သို့) နွေကြက်သွန် လို့ခေါ်ဆိုကြသည်။ ဆောင်းကြက်သွန်ပျိုးထောင်ချိန် (မျိုး) ထောင်ချိန်ဖြစ်သည့် သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတွင် စတင်ပျိုးထောင်ပြီးပျိုးထောင်ရာတွင် ကြက်သွန်ပျိုးဘောင် စနစ်ဖြင့်ပျိုးထောင်ကြရသည်။ ကြက်သွန်ပျိုးပင်(မျိုး)ပင်များ ၄၅ ရက်ခန့်ရှိလျှင် ကြက်သွန်စိုက်မည့်အခင်းသို့ရွှေ့စိုက်ရသည်။ တပေါင်းလ၊ တန်ခူးလတွင် စိုက်ပျိုးသည့် ကြက်သွန်နီများကိုနုတ်သိမ်းကြပြီး ကြက်သွန်အမိတ်(အပင်)ဖြတ်ကာ လှောင်စင်များတွင် လှောင်ထားကြရသည် လို့ မုန့်ကုန်းကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးမင်းညိုကရှင်းပြသည်။

ဆောင်းကြက်သွန်နီခေါ် နွေကြက်သွန်သည် အစေ့မှပျိုးထောင်စိုက်ပျိုးခြင်းကြောင့် နှစ်ပတ်လည်အထားခံပြီး ကြက်သွန်စိုက် တောင်သူများ လှောင်ထားကြပြီး ဈေးကောင်းချိန်ဖြစ်သည့် သီတင်းကျွတ်လ၊ တန်ဆောင်မုန်းတို့တွင် ရောင်းချကြ သော်လည်း ကြက်သွန်နီစိုက်ပြီး မလှောင်နိုင်သည့် တောင်သူများက နှုတ်သိမ်းပြီးချက်ခြင်းရောင်းချကြသည်။ ကြက်သွန် စိုက်ပျိုးကြရာတွင် ဥပြန်စိုက်ကြက်သွန်နီသည် နှစ်လဖြင့်ပေါ်ကာ အထားမခံပဲ၊ ကြက်သွန်မျိုးစေ့ ပျိုးထောင်စိုက်သည့် ကြက်သွန်မှာ နှစ်ပတ်လည် အထားခံပြီး လှောင်ထားလေ့ရှိသည်။ ဆောင်းကြက်သွန်စိုက်တောင်သူများက ကြက်သွန်နီဈေးနှုန်း တက်လာခြင်းကြောင့် တောင်သူများကိုယ်တိုင် စိုက်လှောင်ကြက်သွန်များကို ယခုအခါရောင်းချနေပြီဖြစ်သည်။

**Source: moi.gov**

https://www.foodindustrydirectory.com.mm/food–industry/

## တာချီလိတ်မြို့သို့ မန္တလေးမြို့မှ ကနဦး သီးခြားတင်သွင်းလာသည့် စက်သုံးဆီ ဂါလံ (၈,၈၀၀) ရောက်ရှိ

မယ်ဆိုင်နယ်စပ်မှ စက်သုံးဆီအဝင် အကန့်အသတ်ဖြစ်နေစဉ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့သို့ မန္တလေးမြို့မှ စက်သုံးဆီဂါလံ (၈,၈၀၀) တင်လာသည့် ဆီဘောက်ဆာယာဉ် (၂)စီး ၂၀၂၀ ခုနှစ်၊ စက်တင်ဘာ (၂၂) ရက်နေ့ ညနေပိုင်းက ရောက်ရှိလာပြီဖြစ်သည်။ "မန္တလေးကနေမှာတဲ့အတွက် ထိုင်းဘက်မှာထက် ကားခမှာ ဈေးနည်းနည်းလေးပိုတယ်။ လက်ရှ ိရောင်းနေတဲ့ဈေးနှုန်းအတိုင်းပဲ ရောင်းနိုင်ပါတယ်။ ဈေးတက်စရာ အကြောင်းမရှိပါဘူး။ ဆီအရည်အသွေးကလည်း ပြည့်တဲ့ အတွက် ဖောက်သည်တွေကို စိတ်သန့်သန့်နဲ့ရောင်းပေးနိုင်တယ်"ဟု စက်သုံးဆီလုပ်ငန်းရှင် ဦးစိုင်းလုံခမ်းက တာချီလိတ်သတင်း အေဂျင်စီသို့ ပြောသည်။

တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့အကြား COVID–19 ရောဂါကြောင့် ယာဉ်စီးရေ တစ်ဖက် (၆) စီးကန့်သတ်လိုက်ပြီးနောက် ဒေသတွင်း စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ပြည်တွင်းမှစက်သုံးဆီများ သယ်ယူနိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် တာချီလိတ်ခရိုင်စီမံခန့်ခွဲရေးကော်မတီတို့က ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ မယ်ဆိုင်ဘက်မှ စက်သုံးဆီကို အဓိကသုံးစွဲနေသည့် တာချီလိတ်အတွက် ပြည်တွင်းမှ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရန် စီစဉ်မှုဖြင့် တာချီလိတ်မှ ဆီဘောက်ဆာယာဉ်များ တောင်ကြီး၌ သွားရောက်သယ်ယူနေချိန်တွင် မန္တလေးမြို့မှလည်း တာချီလိတ်သို့ စက်သုံးဆီများ စတင်တင်သွင်းလာခြင်းဖြစ်သည်။

မန္တလေးမှတင်သွင်းသည့် ဒီဇယ်ဆီအရည်အသွေးမှာ မယ်ဆိုင်ဘက်မှတင်သွင်းသည့် ဆီအရည်အသွေးနှင့် ကွာခြားမှု မရှိသော်လည်း OCTINE (91) ဆီအရည်အသွေး၌ ပို၍ကောင်းမွန်ကြောင်းသိရသည်။ စက်တင်ဘာလ(၂၂)ရက်နေ့က စက်သုံးဆီ သယ်ဆောင်ရန်အတွက် တောင်ကြီးမြို့သို့ ထွက်ခွာသွားသည့် ဆီဘောင်ဆာယာဉ်များသည်လည်း စက်တင်ဘာလ(၂၃)ရက်နေ့ နေ့လည်ပိုင်းတွင် တာချီလိတ်သို့ ရောက်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.tachileik.net/2020/09/OCT.html

## ထိုင်း–မြန်မာ ချစ်ကြည်ရေးတံတားအမှတ် (၂) မှ အလှည့်ကျ ကုန်သယ်ပို့ပေးမည့် ယာဉ်အစီးရေ ၅၀ ကျော်ထပ်တိုး

မြန်မာဘက်မှ ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့သို့ ကုန်ပို့ဆောင်ပေးမည့် ကုန်တင်ယာဉ်အစီးရေ ၅၄ စီး ထပ်တိုးလက်ခံထားပြီး စုစုပေါင်း ယာဉ်အစီးရေ ၆၀ နှင့် အလှည့်ကျစနစ်ဖြင့် တစ်ရက်လျှင် ပုံသေခြောက်စီး ကုန်စည်ပို့ဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောကဆိုသည်။ COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် စက်တင်ဘာလ ၁၇ ရက်နေ့မှစတင်ပြီး ထိုင်းအာဏာပိုင်များ၏ သဘောတူညီချက်ဖြင့် တာချီလိတ်ခရိုင်မှ မြန်မာလိုင်စင်ဖြင့် ယာဉ်အစီးရေ ခြောက်စီး၊ မယ်ဆိုင်ဘက်မှ ထိုင်းလိုင်စင်ဖြင့် ယာဉ်အစီးရေခြောက်စီးကို နယ်စပ်ဂိတ်တွင် ယာဉ်မောင်းလဲလှယ်သည့်စနစ်ဖြင့် ကုန်စည်စီးဆင်းမှု အခက်အခဲမရှိစေရန် ပြေးဆွဲစေခဲ့သည်။ ထိုသို့ ပြေးဆွဲရာတွင် ခြောက်စီးသာပြေးဆွဲရန် ကန့်သတ်ထား သောကြောင့် ထိုင်းလိုင်စင် ကုန်တင်ယာဉ်များကို ငှားရမ်းမောင်းနှင်နေသော မြန်မာယာဉ်မောင်းများ အလုပ်ရပ်နားရသည့် အခက်အခဲရှိခဲ့သဖြင့် မြန်မာလိုင်စင် ကုန်တင်ယာဉ်ရှိသူများ ထပ်တိုးသယ်ဆောင်စေခြင်းဖြစ်သည်ဟု ဦးချမ်းမြေ့စောကပြော

သည်။ "မြန်မာဘက်ကတော့ ခြောက်စီးပုံသေပဲသွားခဲ့တာပေါ့။ ထိုင်းဘက်ကတော့ အလှည့်ကျလွှတ်တယ်။ ကျွန်တော်တို့ဘက်က ဒီ ခြောက်စီးပဲ နေတိုင်းဆိုတော့ ကျန်တဲ့ ကားသမားလေးတွေက အဆင်မပြေဘူးဖြစ်တာပေါ့။ အဲဒီတော့ တံတားပေါ်က ကားသမားတွေ မြန်မာနံပါတ်ရှိရင် လာပေးပါဆိုပြီးတောင်းလိုက်တာပေါ့" ဟု ၎င်းကဆိုသည်။

ကုန်ပို့ဆောင်ခွင့်ပြုသည့် ယာဉ်များကို ကိုးရက်လျှင် ယာဉ်အစီးရေခြောက်စီးစီ မဲနှိုက်ကာလဲလှယ်ပြေးဆွဲစေမည်ဖြစ်ပြီး ထပ်မံစာရင်းပေးသွင်းသည့် ယာဉ်မောင်းများကိုလည်း လက်ခံပေးသွားမည် ဖြစ်ကြောင်းသိရသည်။ ကုန်သယ်ယူပို့ဆောင်ပေးခ အနေဖြင့် ကုန်ကားများက တစ်စီးလျှင် ဘတ်ငွေ ၈၀၀ နှင့် ၁၀၀၀ ကြား၊ မြန်မာငွေနှင့်ဆိုလျှင် ကျပ် ၄ သောင်းခွဲဝန်းကျင်အထိ ရရှိကြကြောင်းသိရသည်။ ထိုင်းနိုင်ငံ၊ ချင်းရိုင်ခရိုင်၊ မယ်ဆိုင်မြို့နယ်စပ်မှတစ်ဆင့် ယခင်ကတစ်ရက်လျှင် ကုန်တင်ကား တစ်ထောင်ခန့် ဖြတ်သန်းနေရာမှ ယခုခြောက်စီးအထိ လျှော့ချလိုက်ခြင်းကြောင့် ကုန်သွယ်မှု ပမာဏသည် သုညနီးပါး ကျဆင်းသွားကြောင်း၊ ယခုအခြေအနေသည် ယာယီသာဖြစ်မည်ဟုယုံကြည်ကြောင်း ထိုင်းကုန်သွယ်ရေးဌာန၊ နည်းပညာရေးရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ယွန်ယပ် နက်ဒါအင်ကိုကိုးကား၍ သည်နေးရှင်းသတင်းစာက စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဖော်ပြသည်။ ချင်းရိုင်ပြည်နယ် အုပ်ချုပ်ရေးမှူးက ယခုရင်ဆိုင်နေရသည့် ကုန်စည်စီးဆင်းမှုအကျပ်အတည်းကို ဖြေရှင်းရန် သက်ဆိုင်ရာ အဖွဲ့အစည်းများထံမှာ သတင်းအချက်အလက်များ တောင်းခံထားကြောင်းလည်းသိရသည်။

မယ်ဆိုင်နယ်စပ်ကိုဖြတ်၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ၁၁ လတာအတွင်း ကုန်သွယ်မှု ပမာဏမှာ ထိုင်းဘတ်ငွေ ၁၂ ဒသမ ၂ ဘီလီယံ ရှိသည်။ ယင်းနယ်စပ်မှဖြတ်၍ လူသုံးကုန်၊ လောင်စာဆီ၊ ယမကာ၊ ဘိလပ်မြေ၊ လျှပ်စစ်ပစ္စည်း၊ အလှကုန်၊ သံမဏိထုတ်ကုန်နှင့်ချည်ထည်များ မြန်မာဘက်သို့ထိုင်းကတင်ပို့ပြီး စိုက်ပျိုးရေးထွက်ကုန်၊ သံမဏိနှင့်ဖန်ချက်လုပ်ရာတွင်သုံးသည့် မဂ္ဂနိတ်စ်ဒြပ်စင်၊ သတ္တုတွင်းထွက်နှင့်အလူမီနီယံတို့ မြန်မာကထိုင်းဘက်သို့ တင်သွင်းသည်။

**Source:** https://www.mizzimaburmese.com/article/73778

## လမ်းပန်းဆက်သွယ်ရေးနှင့် ဈေးကွက်အခက်အခဲကြောင့် မကွေးတိုင်းတွင် ကွမ်းရွက်များ လွှင့်ပစ်နေရသည်အထိဖြစ်နေ



ကိုဗစ်-၁၉ ဂယက်ကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်ခြင်း၊ ကွမ်းရွက်ဈေးမကောင်းခြင်း၊ အရောင်းအဝယ်မဖြစ်ခြင်းတို့ကြောင့် မကွေးတိုင်းဒေသကြီးရှိ ကွမ်းစိုက်တောင်သူများ အဆင်မပြေဖြစ်နေပြီး အချို့မှာ ကွမ်းရွက်များမရောင်းရသည့်အတွက် လွှင့်ပစ်ရသည်အထိဖြစ်နေကြောင်းသိရသည်။ မကွေးတိုင်းဒေသကြီးတွင် ရေစကြိုဆင်ဖြူကျွန်း၊ စလင်း၊ ပွင့်ဖြူနှင့်ဆိပ်ဖြူမြို့နယ်ရှိ ကန်တွင်း၊ လိပ်ခြံ၊ သဖန်းတွင်း၊ ရွာသာအေး၊ မကျီးကုန်း၊ စမ်းချောင်း၊ အုန်းခြံ၊ ပေကုန်း၊ တပ်စု၊ ထန်းချောင်း၊ မကျီးကုန်း၊ ရွာသာအေး ကျေးရွာများတွင် ကွမ်းကိုစိုက်ပျိုးကြသည်။ ကျွန်တော်တို့ဒေသမှာ ကွမ်းကစိုက်ရတာလည်း ရေတွင်းတူးပြီး စက်နဲ့ရေတင်စိုက်ရတယ်။ ကွမ်းဈေးကမကောင်းဘူး။ ဈေးမကောင်းတော့ တောင်သူတွေကွမ်းကို ရတဲ့ဈေးနဲ့အရောက် ပို့ပြီးရောင်းနေရတယ်။ ကိုဗစ်ရောဂါကြီးကြောင့် လမ်းပန်းဆက်သွယ်ရေးအရ ရောင်းလို့မရတော့ ကွမ်းစိုက်တောင်သူတွေ တော်တော်အခက်အခဲဖြစ်နေတယ်။ တချို့ဆိုရင် ကွမ်းရွက်ကိုကိုက်ပြီး (ကတ်ကြေးနဲ့ ညှပ်ပြီး) လွှင့်ပစ်ရတယ်။ ဒီနှစ်က တော်တော်ကိုဆိုးတယ်"ဟု တောင်သူဦးတင်ထွန်းကပြောသည်။ ယခင်နှစ်များက ကွမ်းဈေးကောင်း၍ ကုန်သည်များက ကွမ်းခြံအထိ လာရောက်ဝယ်ယူကြသဖြင့် ကွမ်းစိုက်တောင်သူများ အဆင်ပြေကြသည်။ ကွမ်းစိုက်ပျိုးရာတွင် အပင်အရေအတွက်အပေါ် မူတည်၍ ကုန်ကျစရိတ်များပြီး တစ်ပတ်တစ်ခါ ကွမ်းရွက်ခူးရသော်လည်း ယခုနှစ်တွင် ကွမ်းရွက်ကို ဝယ်ယူမှုနည်းပါးနေခြင်း ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့်ကွမ်းရွက်များမှာ ပထမစတင်စိုက်ပျိုးသည့် တစ်နှစ်တာ၊ နှစ်နှစ်တာ ကာလအထိသာအရည်အသွေးရှိနေကြောင်း၊နောက်ပိုင်းကာလများတွင် စိုက်ပျိုးမှုနည်းပညာ လိုအပ်ချက်ရှိခြင်းကြောင့် ကွမ်းရွက်များ စပ်ခြင်း၊ယားသည့်အခါ အဆင်မပြေခြင်း၊ ကွမ်းနဂါးအဆင့်မီရန် လိုအပ်ချက်ရှိခြင်းကြောင့် စားသုံးသူများ

အသုံးနည်း၍ အရောင်း အဝယ်နည်းပါးခြင်းလည်းဖြစ်ကြောင်း ကွမ်း၊ ကွမ်းသီးအရောင်းဆိုင်များထံမှ သိရသည်။ မကွေးမြို့ ရောင်ခြည်ဦး ကွမ်း၊ ကွမ်းသီး၊ ကွမ်းယာပစ္စည်းရောင်းဝယ်ရေးက ဦးလှမင်းက "ကုန်ပစ္စည်းတစ်ခု အရောင်းအဝယ်ပြုလုပ်တဲ့ အခါ မတွင်ကျယ်တော့ဘူးဆိုရင် လူတိုင်းကဥပေက္ခာပြုလာကြတာ ဒါသဘာဝပဲလေ။ အခုက ကျွန်တော်တို့က ကွမ်းကို ရွှေဘိုတစ်နယ်ပဲ ကိုင်တော့တာ။ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်က ကွမ်းကပစ္စည်းထွက်က မဆိုးဘူး။ ဈေးတန်းအရ အထက်မှာ ရှိတယ်။ နောက်ပြီးတော့ မြို့ထဲဈေးကွက်နဲ့ ကိုက်ညီတဲ့အခါကျတော့ရောင်းရတဲ့ကွမ်းအရည်အသွေး လူကြိုက်များပြီး ဈေးကွက်မှာ ရောင်းရသွက်တဲ့ကွမ်းတစ်မျိုးသာ ကိုင်ဖြစ်တာဖြစ်တယ်"ဟု ပြောသည်။

မကွေးမြို့ပေါ်ရှိ ရန်ပယ်ဈေး၊ရန်ကင်းဈေး၊ မြို့မဈေးတို့တွင် ကျေးလက်ဒေသအကြိုက် တောင်သူများ အရောက်များ သဖြင့် ဈေးနှုန်းသက်သာသည့် ကွမ်းများကိုရောင်းဝယ်စားသုံးကြပြီး အများအားဖြင့် ကွမ်းယာဆိုင်များမှာ စစ်ကိုင်း တိုင်း ရွှေဘို၊မုံရွာ၊ မန္တလေးတိုင်းမတ္တရာ၊ တံတားဦး၊ရေဦး၊ ကျောက်ဆည်မြို့နယ်တို့ရှိ ကွမ်းများကို အရောင်းအဝယ် ပြုလုပ်ကြကြောင်းသိရသည်။ "အခုက ကွမ်းဈေးက ဘယ်လောက်ပါလို့ကို ပြောဖို့ခက်တယ်။ တချို့ ရင်းနီးတဲ့ကွမ်းခြံကဆိုရင် ကိုဗစ်ဖြစ်လို့ ငါကတော့မထောက်ပံ့နိုင်ဘူး။ ကွမ်းခြင်းတင်ပေးလိုက်မယ်။ ကိုယ့်ဘာသာကိုယ် ရတဲ့ဈေးနဲ့ ရောင်းယူဆိုပြီး ထောက်ပံ့တဲ့အနေနဲ့ အလကားပေးတာကိုရှိတယ်။ တချို့ကွမ်းခြံတွေဆိုရင် လှွင့်ပစ်နေရတယ်လို့တောင်သိရတယ်"ဟု ဦးလှမင်းက ပြောသည်။ ယခုလက်ရှိတွင် မြို့ပေါ်ပေါက်ဈေးများအရ အကောင်းဆုံးကွမ်းရွက် တစ်ပိဿာကို ကျပ် ၄၀၀၀ ရှိပြီး အခြားကွမ်းများမှာ ဝယ်ယူသည့်အပေါ်မူတည်ကာ ရရာဈေးဖြင့် ရောင်းချကြရပြီးလမ်းပန်းဆက်သွယ်ရေး အခက်အခဲ များကြောင့် အချို့ကွမ်းရွက်များ အလေအလွင့်ဖြစ်နေရကြောင်းသိရသည်။

**Source:** https://www.thefarmermedia.com/news/15615

## ထိုင်းမြန်မာနယ်စပ်ကန့်သတ်ချက်တွေကြောင့် ကုန်သွယ်ရေးထိခိုက်



အိမ်နီးချင်း မြန်မာနိုင်ငံမှာ ကပ်ရောဂါဖြစ်ပွားမှုတွေ တိုးလာနေတာကြောင့် ထိုင်းနိုင်ငံမြောက်ပိုင်း မယ်ဆိုင်နဲ့ ရှမ်းပြည်နယ်တာချီလိတ်ကြား ဆက်သွယ်ထားတဲ့ ချစ်ကြည်ရေးတံတား အမှတ် ၂ ကနေ ဖြတ်သန်းနေတဲ့ မြန်မာ ကုန်တင်ကားအရေအတွက်ကို ခြောက်စီးသာ ဖြတ်သန်းခွင့်ပြုဖို့ ပြီးခဲ့တဲ့ သီတင်းပတ်ထဲမှာပဲ ကန့်သတ်လိုက်တာပါ။ အရင်ကကန့်သတ်ချက်မရှိဘဲ ဝင်ထွက်ခွင့်ပေးထားပေမဲ့ အခုအခါ ထိုင်းနိုင်ငံဘက်က သိသိသာသာ လျှော့ချလိုက်ပြီး နောက်မှာတော့ မြန်မာဘက်ကလည်း အလားတူထိုင်းဘက်က ကုန်တင်ကား ခြောက်စီးသာ ဝင်ခွင့်ပြုဖို့ ပြန်လည်ကန့်သတ်လိုက်ပါတယ်။ အပြန်အလှန် ကန့်သတ်ချက်တွေကြောင့် ကုန်သွယ်ရေးမှာ ထိခိုက်လာနေတဲ့ အခြေအနေနဲ့ပတ်သက်လို့ မနေ့တုန်းက ထိုင်းနိုင်ငံ ကပ်ရောဂါထိန်းချုပ်ရေး အစည်းအဝေးမှာ ဆွေးနွေးခဲ့ကြပါတယ်။

လတ်တလော ထိုင်းမြန်မာနယ်စပ်တွေမှာ လုပ်ဆောင်နေတဲ့ ထိုင်းအစိုးရရဲ့ ကန့်သတ်တားဆီးမှုတွေဟာ မြန်မာနိုင်ငံ အတွင်းမှာ ပိုးဆိုးလာနေတဲ့ ကိုဗစ်ရောဂါပိုး ထိုင်းဘက်ကိုပြန့်ပွားကူးဆက်လာမှာကို ကာကွယ်တဲ့အနေနဲ့ လုပ်ဆောင် နေတာဖြစ်တယ် အခြေအနေပိုဆိုးမလာရအောင် ထိုင်းက ကြိုတင်ကာကွယ်နေတာဖြစ်ပြီး နှစ်နိုင်ငံနားလည်မှု လွဲမှားမှုတွေ ပြေလည်နိုင်ဖို့ ကြိုးစားလုပ်ဆောင်နေကြောင်း ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူး Mr. Krit Petch Petchaburanin က ထိုင်းဘာသာနဲ့ ပြောဆိုသွားတာပါ။ မြန်မာဘက်ကလာတဲ့ ကားမောင်းသူကို ထိုင်းဘက်ကိုဖြတ်မောင်းခွင့်မပေးတော့ဘဲ ထိုင်းဘက်ကကားမောင်းသူနဲ့ လူချင်းလဲပြီး ထိုင်းဘက်ကိုဝင်ရတော့မယ့် ထိုင်းနယ်စပ်အာဏာပိုင်တွေရဲ့ ကန့်သတ်ချက်ကြောင့် ထိုင်းနိုင်ငံကနေ တာချီလိတ် ဝင်မယ့် ကုန်စည်နဲ့ စွမ်းအင်သုံးဆီတင်ကားတွေ အစီး ၆၀၀ ကျော် မဲဆိုင်ဘက်မှာပိတ်နေတာပါ။

အခုလို ထိုင်းဘက်က ကန့်သတ်မှုတွေပိုများလာလို့ တာချီလိတ်အာဏာပိုင်တွေကလည်း ထိုင်းဘက်ကဝင်လာတဲ့ ထိုင်းနိုင်ငံ သားနဲ့ ကုန်စည်တွေကို တားဆီးပိတ်ပင်တာတွေဖြစ်ခဲ့ပြီးတဲ့နောက် မြန်မာဘက်ကလည်း ထိုင်းကုန်စည် ဖြတ်သန်းမှုတွေကို ပိတ်ပင်ထားတဲ့အတွက် နယ်စပ်ကုန်သွယ်ရေး တနေ့ဘတ်သန်းပေါင်း ၁၀၀ ကျော် ဆုံးရှုံးနစ်နာမှုတွေ ရှိနေကြောင်း ထိုင်းနယ်စပ် ကုန်သည်တွေက ဆိုပါတယ်။ ဒီကိစ္စကို အမြန်ဆုံးပြေလည်အောင်ဖြေရှင်းပေးဖို့သက်ဆိုင်ရာအာဏာပိုင်တွေကို တောင်းဆို နေကြောင်း ထိုင်းသတင်းတွေမှာ ဖော်ပြနေတာပါ။

မြန်မာနိုင်ငံမှာ စက်တင်ဘာလဆန်းကစပြီး ကိုဗစ်၁၉ ကပ်ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလာတဲ့အတွက် ထိုင်းဘက်ကလည်း စိုးရိမ်မှုတွေဖြစ်ပြီး နယ်စပ်မှာ သံဆူးကြိုးတွေကာရံတာ လူဝင်လူထွက်တွေကိုဖမ်းဆီးတာတွေ မြန်မာဘက်ကလာတဲ့ ရေထွက် ပစ္စည်းတင်တဲ့ကားတွေကို ပိတ်ပင်လိုက်တာတွေလည်းရှိနေပါတယ်။ အခုအခါမှာတော့ ထိုင်းမြောက်ပိုင်းမှာ နှစ်ဘက်တင်းမာတဲ့ အခြေအနေထိဖြစ်သွားခဲ့ပါတယ်။

**Source:** https://www.facebook.com/VoA.Burmese.News/

## ခရီးသွားရေးလုံ့ဆော်အားပေးမှုအစီအစဉ်တွင် တိုကျိုကို အောက်တိုဘာလတွင်း ထည့်သွင်းမည်ဟုသိရ

ဂျပန်အစိုးရက "Go To Travel" ဟူသည့် နိုင်ငံတွင်းခရီးသွားလာရေးလှုံ့ဆော်မှု အစီအစဉ်တွင် မြို့တော်တိုကျိုကို အောက်တိုဘာလ ၁ ရက်နေ့ကစပြီး ပြန်လည်ထည့်သွင်းရန် ရှိကြောင်း သိရပါသည်။

အဆိုပါ အစီအစဉ်ကို ပြီးခဲ့သည့် ဇူလိုင်လအတွင်းကစတင်ခဲ့လည်း ထိုအချိန်က မြို့တော်တိုကျိုတွင် ကိုရိုနာကပ်ရောဂါ ပြန့်ပွားမှုမြင့်တက်နေမှုကြောင့် တိုကျိုသို့ လာရောက်လည်ပတ်ခြင်းနှင့် တိုကျိုမှထွက်ခွာလည်ပတ်တာခြင်းတို့ကို ဖယ်ထုတ် ရပ်ဆိုင်းခဲ့ပါသည်။ အဆိုပါ မူဝါဒကိုပြောင်းလဲရန် ဂျပန်အစိုးရက ကိုရိုနာဗိုင်းရပ်စ်စီမံခန့်ခွဲရေးဆိုင်ရာ ဆပ်ကော်မတီထံ အဆိုပြု ခဲ့ပြီး အကြံဉာဏ်ကို ရယူခဲ့ကြောင်းသိရပါသည်။ ကျွမ်းကျင်သူများက နောက်ပိုင်းကာလတွင် တိုကျိုဌ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု များ ပြန်လည်လျော့ကျလာနေသည့် အခြေအနေဖြစ်လာပါက ထိုအစီအစဉ်တွင် တိုကျိုကိုထည့်သွင်းကာ ပြန်လည် အကောင် အထည်ဖော်သင့်ကြောင်း အကြံပြုခဲ့ကြပါသည်။

ကိုရိုနာဗိုင်းရပ်စ် စီမံခန့်ခွဲရေးနှင့် စီးပွားရေးပြန်လည်အားကောင်းလာရေးဆိုင်ရာဝန်ကြီး Mr. Nishimura Yasutoshi က လတ်တလော တိုကျိုတွင် ကူးစက်မှုများကျဆင်းလာပါကြောင်း၊ ထို့ကြောင့် တိုကျိုကို ကန့်သတ်ထားသည့်မူဝါဒကို ပြောင်းလဲရန် အခြေခံအားဖြင့် အတည်ပြုခဲ့ပြီဟု ယူဆပါကြောင်း၊ ကျွမ်းကျင်သူများ၏ အကြံပေးချက်များကို အခြေခံပြီး အစိုးရအနေဖြင့် စက်တင်ဘာလနှောင်းပိုင်းအထိ ကူးစက်မှုများနှင့်ကာကွယ်တားဆီးမှု ဆောင်ရွက်ချက်များကို ဆက်လက်စောင့်ကြည့်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

"Go To Travel" ဟူသည့် ပြည်တွင်းခရီးသွားအားပေးလှုံ့ဆော်မှုအစီအစဉ်သည် ပြည်တွင်းခရီးသွားများကို ခရီးသွားလာမှုကုန်ကျစရိတ်လျော့ချပေးခြင်းနှင့် ခရီးလှည့်လည်ကြည့်ရှုစရာနေရာများနှင့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်း ဆိုင်များတွင် သုံးစွဲနိုင်သည့် ကူပွန်များကို ပံ့ပိုးပေးသည့်အစီအစဉ်တစ်ခုဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## ပို့ကုန်ခွင့်ပြုချက်ရရှိပြီး လုပ်ငန်းဆောင်ရွက်ဆဲ ကြက်သွန်နီများအား အိန္ဒိယအစိုးရက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်တင်ပို့ခွင့်ပြုခဲ့ခြင်း

အိန္ဒိယအစိုးရက ၁၄.၉.၂၀၂၀ နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြက်သွန်နီ အမျိုးအစားများအားလုံးကို ပြည်ပသို့တင်ပို့ခြင်းအား တားမြစ်ပိတ်ပင်ခဲ့ရာ အိန္ဒိယနိုင်ငံထံမှ သွင်းကုန်အပေါ် အမှီပြုနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကြက်သွန်နီဈေးကွက်တွင် ဈေးနှုန်းများချက်ချင်းမြင့်တက်လာခဲ့ပါသည်။ ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သံတမန် လမ်းကြောင်းမှ ဆက်သွယ် ဆောင်ရွက်လာမှုအရ အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) သည် တင်ပို့မှု လုပ်ငန်းဆောင်ရွက်ဆဲ ကြက်သွန်နီတန်ချိန် ၂၅၀၀၀ အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်တင်ပို့ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရက တားမြစ်အမိန့်ထုတ်ပြန်ချိန်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် ခရိုင် ၆ ခုရှိ နယ်စပ် စစ်ဆေးရေးဂိတ်များတွင် ကြက်သွန်နီတန်ချိန် ၂၅၀၀၀ ခန့် တင်ဆောင်လာသည့် ကုန်တင်ယာဉ်ပေါင်း ၁၀၀၀ ခန့်မှာ ပိတ်မိနေ ခဲ့ကြောင်း၊ အကောက်ခွန်ဌာန၌ စာရင်းသွင်း ပြီး စစ်ဆေးမှုခံယူလျက်ရှိသည့် ကုန်စည်များနှင့် ၎င်းအမိန့်မထုတ်မီက ပို့ကုန်ခွင့်ပြုချက်ရရှိပြီး သော လုပ်ငန်းဆောင်ရွက်ဆဲကုန်စည်များအား ဆက်လက်တင်ပို့နိုင်သည်ဟု DGFT က ရှင်းလင်းချက် ထပ်မံထုတ်ပြန်ခဲ့သော်လည်း ကုန်းတွင်းဆိပ်အချို့တွင် ကြက်သွန်နီကုန်တင်ယာဉ်များ ကျန်ရှိနေဆဲဖြစ်ကြောင်း၊ နယ်စပ်ဂိတ် များ၌ ရက်သတ္တတစ်ပတ်ခန့်ကြာ စောင့်ဆိုင်းခဲ့ရသဖြင့် ကုန်တင်ယာဉ်များတွင်ပါရှိသော ကြက်သွန်နီများ၏ ၂၅% ခန့်မှာ အရည်အသွေးထိခိုက်မှုဖြစ်ပေါ်ပြီး ၎င်းတို့အနက်အချို့ကို ကောကတ္တားဒေသရှိ လက္ကားကုန်စည်ဒိုင်များသို့ ပြောင်းလဲပို့ဆောင်ခဲ့

ရကြောင်း၊ သို့ဖြစ်ရာ အနောက်ဘင်ဂေါပြည်နယ်ရှိ လက်ကားဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်း မှာ ၁ ကီလိုလျှင် ၃ ရူပီးမှ ၅ ရူပီးအထိ ကျဆင်းခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ အဓိက ကုန်းတွင်းဆိပ် ၃ ခုဖြစ်သော ပီထရာပို၊ ဂိုဂျဒင်္ဂနှင့် မဟာဒိပူ တို့၌ ကြက်သွန်နီ တန်ချိန် ၁၅၀၀ မှ ၂၀၀၀ ခန့် ကျန်ရှိနေပြီး၊ မဟာရတ္ထပြည်နယ် နာရှစ်ဒေသမှ ရထားဖြင့်တင်ပို့သည့် ကြက်သွန်နီ တန်ချိန် ၁၀၀၀ မှ ၁၅၀၀ ခန့်သည် ရာနာဂတ်ဘူတာရုံ၌ ဆိုက်ကပ်ထားရဆဲဖြစ်ကြောင်းစသည်ဖြင့် အနောက်ဘင်ဂေါ ပြည်နယ်ရှိ ပို့ကုန်လုပ်ငန်းရှင်များ၏ ပြောဆိုမှုအား The Hindu Business Line သတင်းဌာနက ရေးသားဖော်ပြပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Chittagong Plant Quarantine ဌာနသည် ကြက်သွန်နီ ၁၁၈၇၂၇ တန်အား ပင်လယ်ရေကြောင်းမှတင်သွင်းရန် သွင်းကုန်ခွင့်ပြုမိန့် ၂၇၄ စောင်ကို စက်တင်ဘာလ ၃ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း ထုတ်ပေးခဲ့သည်ဟု Dhaka Tribune သတင်းဌာနထံမှ သိရှိရကြောင်း၊ ၎င်းတို့အနက် ကြက်သွန်နီတန်ချိန် ၁၇၃၆၅ တန်သည် တရုတ်နိုင်ငံထံမှ တင်သွင်းရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ ၎င်းနှင့်နယ်စပ်ဒေသ ဆက်ဆံရေးတင်းမာမှုများ ဖြစ်ပေါ်လျက်ရှိသည့် တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့က အိမ်နီးချင်းနိုင်ငံများရှိ ကြက်သွန်နီဈေးကွက် ဝေစုအားရယူနိုင်ခြင်းမရှိစေရန်အတွက် အိန္ဒိယအစိုးရအနေဖြင့် လုပ်ဆောင်သွားဖွယ်ရှိကြောင်း၊ အိန္ဒိယကုန်သည်ရောင်းဝယ်ရေးဝန်ကြီးဌာနသည် Bangalore rose နှင့် Krishnapuram ကဲ့သို့ ပြည်တွင်းဈေးကွက်လိုအပ်ချက်အပေါ် သက်ရောက်မှုနည်းပါးသည့် ကြက်သွန်နီအမျိုးအစားများကို အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (minimum export price) သတ်မှတ်လျက် တင်ပို့ခွင့်ပြုရန် စဉ်းစားလျက်ရှိပြီး ပြည်တွင်း ဈေးနှုန်းမြင့်တက်မှုမဖြစ်စေပဲ ပို့ကုန်လုပ်ငန်းပိုင်းဆိုင်ရာဖြေလျော့မှုများ လုပ်ဆောင်နိုင်ရေး ဌာနအကြီးအကဲပိုင်းအဆင့်၌ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ဟု ၎င်းဌာနမှအရာရှိအချို့က ပြောဆိုကြောင်းဖြင့် အိန္ဒိယနိုင်ငံရှိ Telegraph India သတင်းဌာနက ဖော်ပြပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နှစ်စဉ်ကြက်သွန်နီတန်ချိန် ၄ သိန်းမှ ၅ သိန်းခန့်အား အိန္ဒိယနိုင်ငံထံမှ တင်သွင်းလျက်ရှိပြီး ခန့်မှန်းတွက်ချက်မှုများအရ လစဉ်လိုအပ်ချက်မှာ တန်ချိန် ၂ သိန်း ခန့်ရှိကြောင်း၊ လက်ရှိကာလ၌ ပြည်တွင်းကြက်သွန်နီ ကုန်လက်ကျန်မှာ တန်ချိန် ၅.၆ သိန်းခန့်ရှိ ကြောင်း လေ့လာသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

**1. Onion prices fall in Bengal with Bangladesh-bound trucks diverted to local markets, 21 Sept 2020, The Hindu Business Line**

**2. India allows export of onions in transit to Bangladesh, 20 Sept 2020, Indian Express**

**3. Onion exports to Bangladesh to resume, 23 Sept 2020, Telegraph India**

## ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်း ဘယ်လ်ဂျီယံနိုင်ငံသားများ အွန်လိုင်းမှ ဝယ်ယူမှုပိုမိုပြုလုပ်

BeCommerce ဈေးကွက်စောင့်ကြည့်လေ့လာရေး၏ ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများအရ ဘယ်လ်ဂျီယံနိုင်ငံသားများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကာလဖြစ်သည့် ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ်ဝက်အတွင်း အွန်လိုင်းမှဝယ်ယူသုံးစွဲမှု (၃၃) ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။ ဘယ်လ်ဂျီယံနိုင်ငံရှိ စားသုံးသူများမှ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူသုံးစွဲမှုသည် စုစုပေါင်း တန်ဖိုးအားဖြင့် ယူရို ၈ ဒသမ ၁ သန်းရှိခဲ့သည်ဟု ဆိုသည်။ အွန်လိုင်းမှ တစ်ဆင့်ဝယ်ယူသည့် ပါဆယ်(၄) ခုလျှင် တစ်ခုကျော်သည် အဝတ်အထည်များဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ်ဝက်ကာလအတွင်း အဝတ်အထည်ဝယ်ယူမှု သုံးကြိမ်လျှင် တစ်ကြိမ်မှာ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကာလ မတိုင်မီက အွန်လိုင်းမှဝယ်ယူသည့် အချိုးအစားမှာ ၂၀ ရာခိုင်နှုန်းအောက် လျော့နည်းခဲ့ကြောင်းသိရသည်။

သို့ရာတွင် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်း၏ ဝန်ဆောင်မှုကဏ္ဍအပေါ် သက်ရောက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ အီလက်ထရောနစ်ကုန်သည်ရောင်းဝယ်ရေးအပေါ် သိသာသောရိုက်ခတ်မှုရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ်ဝက်ကာလတွင် e-commerce လုပ်ငန်းမှ turnover မှာ ယူရို ၅ ဒသမ ၁ ဘီလီယံရှိခဲ့သဖြင့် ၁၀ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး၊ နှစ်အလိုက်နှိုင်းယှဉ်ချက်တွင်မူ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းသိရသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

# STOCK EXCHANGE (23.9.2020)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 23rd Sep. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 225 | 2,250,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,650 | +0 | +0.00% | 3,650 | 3,650 | 3,650 | 1,734 | 6,329,100 | 38,929,150 | 142,091 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 53 | 429,300 | 10,400,986 | 84,248 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 22,500 | 22,500 | 1,676 | 37,710,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 9 | 24,750 | 12,823,224 | 35,264 |
| EFR | 00006 | 3,000 | +0 | +0.00% | 3,050 | 3,050 | 3,000 | 32 | 96,100 | 19,977,223 | 59,932 |

## Market summary

As of 23rd Sep. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.69 | -0.83 | -0.19% | 436.36 | 436.36 | 435.69 | 3,729 | 46,839,250 | 6 | 648,283 |

### Index chart



## Market Overview

As of 1:00 pm, 23rd Sep. 2020

| MYANPIX | 435.69 ▼ 0.83 |
|---|---|
| Total Volume (shares) | 3,729 |
| Total Value (MMK) | 47 mil |
| Listed Company | 6 |
| Market Cap. (MMK) | 648,283 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,650 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 3,000 | ▲ 0 |

TIR